မြို့နယ်စည်ပင်သာယာရေးအဖွဲ့
အုတ်ဖိုမြို့
လိုင်စင်ကြော်ငြာစာအမှတ် ( ၁ / ၂၀၂၄)
၂၀၂၅-၂၀၂၆ ခု ဘဏ္ဍာရေးနှစ် (၁-၄-၂၀၂၅ ) မှ (၃၁-၃-၂၀၂၆)
အရပ်ရပ်အခွင့်အရေးလိုင်စင်များရောင်းချသည့်ကြော်ငြာစာ
၁၃၈၆ ခုနှစ် နတ်တော်လဆန်း ၁၃ ရက်
၂၀၂၄ ခုနှစ် ဒီဇင်ဘာ လ ၁၃ ရက်

၁။ အုတ်ဖိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ပူးတွဲဖော်ပြပါ အရပ်ရပ်အခွင့်အရေး လိုင်စင်များအား ၂၀၂၅-၂၀၂၆ ခု ဘဏ္ဍာရေးနှစ် (၁-၄-၂၀၂၅ ) မှ (၃၁-၃-၂၀၂၆)ကာလအပိုင်း အခြားအတွက် လေလံတင်ရောင်းချရာ သားသတ်လိုင်စင်နှင့်မြို့နယ်ဝင်ကြေး ဘီးကောက် လိုင်စင်များမှအပကျန်အခွင့်အရေးလိုင်စင်များဖြစ်သော အပေါင်ဆိုင်အခွင့်အရေးလိုင်စင်များအားသက်တမ်းတိုးစနစ် ဖြင့် လည်းကောင်း၊ ယာဉ်ရပ်နားခွန် ကောက်လိုင်စင်၊စက်ဘီးကောက် လိုင်စင်၊ရေလောင်း အိမ်သာ လိုင်စင်၊ နွားပွဲဈေးလိုင်စင်၊ ဈေးကောက်လိုင်စင် များအားဈေးပြိုင်စနစ်ဖြင့် လည်းကောင်း အောက်ဖော်ပြပါ နေ့ရက်များတွင် လေလံတင် ရောင်းချ သွားမည် ဖြစ်ပါကြောင်းအသိပေးကြေငြာ အပ်ပါ သည် -

| | | | |
|---|---|---|---|
| (က) | ၁၄-၁-၂၀၂၅ | အင်္ဂါနေ့ | (ပထမအကြိမ်) |
| (ခ) | ၂၁-၁-၂၀၂၅ | အင်္ဂါနေ့ | (ဒုတိယအကြိမ်) |
| (ဂ) | ၂၈-၁-၂၀၂၅ | အင်္ဂါနေ့ | (တတိယအကြိမ်) |
| (ဃ) | ၄-၂-၂၀၂၅ | အင်္ဂါနေ့ | (ချိတ်ပိတ်တင်ဒါ) |
| (င) | ၁၁-၂-၂၀၂၅ | အင်္ဂါနေ့ | (အခြားနည်း) |

၂။ လိုင်စင်ယှဉ်ပြိုင်ဆွဲဝယ်လိုသူများအနေဖြင့် လိုင်စင်လျှောက်လွှာနှင့်အတူ လိုက်နာရမည့်စည်းကမ်းများအား အဖွဲ့ရုံးတွင် ဝယ်ယူရရှိနိုင်ပြီး အထက်ပါနေ့ရက်များတွင်လျှောက်လွှာ နှင့် အတူအောက်ပါဖော်ပြပါ အထောက်အထား စာရွက်စာတမ်းများပြည့်စုံစွာပူးတွဲလျှောက် ထားရမည်-
**(နောက်ကျတင်သွင်းလာသည့်လျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ပါ)**

(က) နိုင်ငံသားစီစစ်ရေးကဒ် မိတ္တူ
(ခ) လဝက အိမ်ထောင်စုစာရင်းပုံစံ ၆၆/၆ မိတ္တူ
(ဂ) လိုင်စင်ဆွဲဝယ်သူများသည် လိုင်စင်တစ်ခုချင်းစီ၏ သတ်မှတ်ကြမ်းခင်းဈေး တစ်ဝက်ကို အုတ်ဖိုမြို့ မြန်မာ့စီးပွားရေးဘဏ်ခွဲတွင် မိမိအမည်ဖြင့်စာရင်းရှင်အပ်ငွေ ဖွင့်လှစ်၍ အမှုဆောင်အရာရှိရာထူး အမည်ဖြင့် ရေးသားထားသောငွေထုတ်ယူခွင့်အမိန့်(POP)နှင့်ပူးတွဲတင်ပြရမည်။
(ဃ) လိုင်စင်ဆွဲဝယ်သူများသည် သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးရုံး၏ အခွန်ကင်းရှင်းကြောင်း ထောက်ခံချက်၊ ပဲခူးတိုင်းဒေသကြီးအတွင်း အခြားမြို့နယ်မှ လာရောက် လိုင်စင်ဆွဲဝယ်မည့်သူနှင့် တိုင်းဒေသကြီး ပြင်ပမှ လာရောက် လိုင်စင်ဆွဲဝယ်သူဖြစ်ပါကသက်ဆိုင်ရာမြို့နယ်တွင်အခွန်ကင်းရှင်းကြောင်းနှင့်

၎င်း၏မရွေ့မပြောင်းနိုင်သောအာမခံပစ္စည်းအထောက်အထားနှင့် ပတ်သက်၍ သက်ဆိုင်ရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ တန်ဘိုးစိစစ်ရေးအဖွဲ့၏စိစစ်တင်ပြမှုအပေါ် အမှုဆောင်အရာရှိ၏ထောက်ခံချက်ဖြင့်ပူးတွဲတင်ပြရမည်။

(င) လိုင်စင်ကြမ်းခင်း ဈေးတန်ဘိုးထက် လျော့နည်းခြင်းမရှိသည့်လျှောက်ထားသူအမည်ပေါက် မရွေ့မပြောင်းနိုင်သောပစ္စည်း (အဆောက်အဦး၊အိမ်၊မြေ)နှင့် ယင်းနေအိမ်၏ လေးဘက်မြင်ဓာတ်ပုံ (၄)ပုံ သို့မဟုတ် ငွေစုစာအုပ်(မြန်မာ့စီးပွားရေးဘဏ်) တင်ပြရမည်။ (Special Power) လွှဲပြောင်းတင်ပြခြင်းကို လက်ခံမည် မဟုတ်။

(စ) လိုင်စင်ဆွဲဝယ်သူသည် မိမိနေထိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ စိစစ်ထောက်ခံချက်ပါရှိရမည်။

(ဆ) အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်း၏ထောက်ခံချက် တင်ပြရမည်။

(ဇ) ပဲခူးတိုင်းဒေသကြီး အတွင်းဖြစ်ပါက ဆွဲဝယ်သည့် လိုင်စင် တန်ဘိုး၏(၅ပုံ၁ပုံ)ကိုလိုင်စင်ရရှိသည်နှင့်တစ်ပြိုင်တည်း ပေးသွင်းရမည်ဖြစ်ပြီးကျန်ငွေကို (၈)ရစ်ခွဲ၍ ပေးသွင်းရမည်။

(ဈ) ပဲခူးတိုင်းဒေသကြီး ပြင်ပမှဖြစ်ပါက လိုင်စင်တန်ဘိုး၏ (၅၀%)အားလိုင်စင်ရရှိသည်နှင့် တစ်ပြိုင်တည်း ပေးသွင်းရမည်ဖြစ်ပြီး ကျန်ငွေကို(၄) ရစ်ခွဲ၍ ပေးသွင်းရမည်။ အရစ်ကျ လိုင်စင်ကြေး ငွေပေးသွင်းရန် နောက်ကျပါက အခြားအခွင့်အရေးလိုင်စင်များနည်းတူနောက်ကျဒဏ်ကြေးပေးဆောင်ရမည်။ လိုင်စင်ကြေးအနည်းဆုံးကျပ်သိန်း(၂၀)အောက်ဖြစ်ပါကအကြေပေးသွင်းရမည်။

(ည) လိုင်စင်တစ်ခုချင်းစီအတွက် လုပ်ငန်းလုပ်ဆောင်ခွင့် အာမခံအပြည့်လိုအပ်သော အထောက်အထားများ တင်သွင်းရာတွင် သက်ဆိုင်ရာ ကြမ်းခင်းဈေးတန်ဘိုးထက် လျော့နည်းခြင်း မရှိသည့် မရွေ့မပြောင်းနိုင်သည့် ပစ္စည်း (အဆောက်အအုံ၊အိမ်၊မြေ ဂရံမူရင်း)စာရွက်စာတမ်းများကို လုံလောက်သော အာမခံတစ်ခုခု ထပ်မံတင်ပြနိုင်ရမည်။

၃။ အထက်အပိုဒ် (င) ပါ ပိုင်ဆိုင်မှု အထောက်အထားများ တင်ပြနိုင်ခြင်းမရှိပါက လိုင်စင်ကြေးနှင့်အခြားအခွန်အခများအား တစ်ပါတည်းအကြေပေးသွင်းရမည်။

၄။ လိုင်စင်ဆွဲဝယ်လိုသူသည် စည်ပင်သာယာရေးဆိုင်ရာ အခွန်၊အခ၊ကြွေးကျန်မရှိသူများဖြစ်ရမည့် အပြင် နာမည်ပျက်စာရင်း တင်သွင်း ကြေငြာ၍ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွက် လိုင်စင်ဆွဲဝယ်ခွင့် ပိတ်ပင်ခံထားရသူများဌင်းနှင့်အတူ အိမ်ထောင်စုစာရင်းဝင် ပုဂ္ဂိုလ်များမဖြစ်စေရ။

၅။ လိုင်စင်အမျိုးအစားအလိုက် သက်ဆိုင်ရာလိုင်စင် တစ်ခုချင်းစီ အတွက် လိုင်စင်လျှောက်လွှာကို ကြော်ငြာသည့် နေ့ရက်မှ စတင်၍တစ်စောင်လျှင် ငွေကျပ်(၁၅၀၀၀/-)ဖြင့်ဝယ်ယူ၍ လျှောက်လွှာတစ်စောင်စီဖြင့် လျှောက်ထားရမည် ဖြစ်ပြီး လုပ်ငန်းလုပ်ကိုင်ခြင်းနှင့်စပ်လျဉ်း၍ ကိုယ်တိုင် ဦးစီး လုပ်ကိုင်နိုင်ရမည့် အပြင်တစ်ဆင့်လွှဲပြောင်း ဆောင်ရွက်ခြင်းမပြုရ။ လိုင်စင်ဆွဲဝယ်လိုသူသည် လိုင်စင် လျှောက်လွှာကြေးငွေ ပေးသွင်း၍ အသေးစိပ်စည်းကမ်းများကို ရယူပြီး စည်းကမ်းချက်ပါ အတိုင်း ပြည့်စုံအောင် ဆောင်ရွက်၍ လိုင်စင် စည်းကမ်းများကို လိုက်နာရန် သဘောတူပြီးဖြစ်၍လိုင်စင်ပွဲသို့ဝင်ရောက်ဆွဲဝယ်နိုင်သည်။

၆။ (ပထမအကြိမ်) လေလံ လျှောက်လွှာများကို (၁၃-၁-၂၀၂၅)ရက်နေ့ တနင်္လာနေ့ ညနေ (၁၆:၀၀) နာရီ နောက်ဆုံးထား၍ သတ်မှတ်ထားသောအချက်အလက်၊ အထောက်အထား ပြည့်စုံစွာဖြင့်အုတ်ဖိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးအခွန်ဌာနစိတ်တွင်တင်သွင်းရမည်။သက်မှတ်ရက် ထက်ကျော်လွန်၍ လျှောက်လွှာတင်သွင်းခြင်းကို လုံးဝစဉ်းစားမည် မဟုတ်ပါ။

၇။ အကြောင်းအမျိုးမျိုးကြောင့် လိုင်စင်ရောင်းချမည့်ရက် ပြောင်းရွှေ့ပါကပြောင်းရွှေ့သတ်မှတ်သည့်ရက်အားအဖွဲ့မှထပ်မံကြော်ငြာမည်ဖြစ်ပါသည်။

၈။ လိုင်စင် ဆွဲဝယ်ခြင်းနှင့် ပတ်သက်၍ အသေးစိတ် သိရှိလိုပါက ရုံးချိန်အတွင်း အဖွဲ့ရုံးသို့လာရောက်မေးမြန်းစုံစမ်းနိုင်ပါသည်။

13.12.2024

အမှုဆောင်အရာရှိ

(ဖြိုးဝေအောင်၊ဦးစီးအရာရှိ)

စာအမှတ်၊ ၅၃၁ / ဃ-၂ / အဖ-၁ (၀၀၁)

ရက်စွဲ၊ ၂၀၂၄ ခုနှစ် ၊ ဒီဇင်ဘာ လ ၁၃ ရက်

**ဖြန့်ဝေခြင်း**

အမှုဆောင်အရာရှိ၊မြို့နယ်စည်ပင်သာယာရေးအဖွဲ့------------------မြို့

၂၀၂၅-၂၀၂၆ ခု ဘဏ္ဍာရေးနှစ်လိုင်စင်စီများအားလုံး

အဖွဲ့ရုံး/ဈေးကြော်ငြာသင်ပုန်း၊အုတ်ဖိုမြို့/အိုးသည်ကုန်းမြို့

ဥက္ကဋ္ဌ၊ရပ်ကွက်/ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့၊အုတ်ဖိုမြို့

မိတ္တူ ကို

ညွှန်ကြားရေးမှူး၊ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့၊ပဲခူးမြို့။

ဥက္ကဋ္ဌ၊ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊သာယာဝတီမြို့။

ဥက္ကဋ္ဌ၊မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊အုတ်ဖိုမြို့။

ဥက္ကဋ္ဌ၊မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့်အဖွဲ့ဝင်များအားလုံး၊အုတ်ဖိုမြို့။

ကြော်ငြာဖိုင်

ရုံးလက်ခံ/မျှောစာတွဲ

**အုတ်ဖိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

**၂၀၂၅-၂၀၂၆ ခု ဘဏ္ဍာရေးနှစ် (၁-၄-၂၀၂၅) မှ (၃၁-၃-၂၀၂၆) ထိ**

**ဈေးပြိုင်စနစ်ဖြင့် ရောင်းချမည့်အခွင့်အရေးလိုင်စင်များစာရင်း**

| စဉ် | လိုင်စင်အမည် | ကြမ်းခင်းဈေး | စားပွဲတင် အာမခံငွေ |
|---|---|---|---|
| | **ဈေးကောက်လိုင်စင်များ** | | |
| ၁ | အုတ်ဖိုမြို့မဈေးကောက် | ၁၈၃၇၀၀၀၀ | ၉၁၈၅၀၀၀ |
| ၂ | အိုးသည်ကုန်းဈေးကောက် | ၄၁၂၅၀၀၀ | ၂၀၆၂၅၀၀ |
| ၃ | ဂုံညင်းတန်းနွားပွဲဈေးကောက် | ၁၀၀၁၀၀၀ | ၅၀၀၅၀၀ |
| | **အခြားလိုင်စင်များ** | | |
| ၁ | ဂုံညင်းတန်းနွားပွဲဈေး | ၇၆၇၈၀၀၀ | ၃၈၃၉၀၀၀ |
| ၂ | ဂုံညင်းတန်းနွားပွဲစက်ဘီးကောက် | ၉၇၄၀၀၀ | ၄၈၇၀၀၀ |
| ၃ | အုတ်ဖိုမြို့မစက်ဘီးကောက် | ၂၆၁၃၆၀၀၀ | ၁၃၀၆၈၀၀၀ |
| ၄ | အုတ်ဖိုမြို့မယာဉ်ရပ်နားခွန် | ၁၉၃၆၀၀၀ | ၉၆၈၀၀၀ |
| ၅ | အိုးသည်ကုန်းမြို့ယာဉ်ရပ်နားခွန် | ၉၉၀၀၀၀ | ၄၉၅၀၀၀ |
| ၆ | အုတ်ဖိုမြို့မဈေးရေလောင်းအိမ်သာ | ၃၈၆၁၀၀၀ | ၁၉၃၀၅၀၀ |
| ၇ | အိုးသည်ကုန်းဈေးရေလောင်းအိမ်သာ | ၁၉၈၀၀၀ | ၉၉၀၀၀ |

**အုတ်ဖိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

**၂၀၂၅-၂၀၂၆ ခု ဘဏ္ဍာရေးနှစ် (၁-၄-၂၀၂၅) မှ (၃၁-၃-၂၀၂၆) ထိ**

**သက်တမ်းတိုးစနစ်ဖြင့် ရောင်းချမည့် အခွင့်အရေးလိုင်စင်များစာရင်း**

| စဉ် | လိုင်စင်အမည် | ကြမ်းခင်းဈေး | စားပွဲတင်အာမခံငွေ |
|---|---|---|---|
| | **အပေါင်ဆိုင်လိုင်စင်များ** | | |
| ၁ | အေးမြသာယာအပေါင်ဆိုင် | ၈၈၄၀၀၀ | ၄၄၂၀၀၀ |
| ၂ | အုတ်ဖိုရွှေအပေါင်ဆိုင်(၁) | ၉၆၈၀၀၀ | ၄၈၄၀၀၀ |
| ၃ | အုတ်ဖိုရွှေအပေါင်ဆိုင်(၂) | ၉၆၈၀၀၀ | ၄၈၄၀၀၀ |
| ၄ | အုတ်ဖိုအပေါင်ဆိုင်(၂) | ၈၅၀၀၀၀ | ၄၂၅၀၀၀ |
| ၅ | အုတ်ဖိုအပေါင်ဆိုင်(၃) | ၈၃၅၀၀၀ | ၄၁၇၅၀၀ |
| ၆ | အုတ်ဖိုရွှေအပေါင်ဆိုင်(၃) | ၈၈၇၇၀၀ | ၄၄၃၈၅၀ |
| ၇ | အုတ်ဖိုရွှေအပေါင်ဆိုင်(၄) | ၈၈၇၇၀၀ | ၄၄၃၈၅၀ |
| ၈ | အုတ်ဖိုရွှေအပေါင်ဆိုင်(၅) | ၈၈၇၇၀၀ | ၄၄၃၈၅၀ |
| ၉ | အုတ်ဖိုရွှေအပေါင်ဆိုင်(၆) | ၈၈၇၇၀၀ | ၄၄၃၈၅၀ |
| ၁၀ | အုတ်ဖိုရွှေအပေါင်ဆိုင်(၇) | ၉၆၈၀၀၀ | ၄၈၄၀၀၀ |
| ၁၁ | အိုးသည်ကုန်းအပေါင်ဆိုင်(၂) | ၅၈၆၀၀၀ | ၂၉၃၀၀၀ |
| ၁၂ | အိုးသည်ကုန်းအပေါင်ဆိုင်(၃) | ၅၈၆၀၀၀ | ၂၉၃၀၀၀ |
| ၁၃ | အိုးသည်ကုန်းအပေါင်ဆိုင်(၄) | ၅၈၆၀၀၀ | ၂၉၃၀၀၀ |